# ၁၉၅၉ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး)ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၉။]
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး)ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ၂ သည်၊ ၁၉၅၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး)ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၉ ၏ ပုဒ်မခွဲ (၁)၌ "စူရတီဘာရားဘဇား (သိမ်ကြီးဈေး) မြေရာအဆောက်အဦ စသည်တို့ကို ၎င်းတို့တွင် အမြဲတပ်ဆင်ထားသော အရာများနှင့်တကွ" ဆိုသည့်စကားရပ်နောက်တွင်၊ "ပြည်သူ့အကျိုးအတွက်လိုအပ်ပါက၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၉ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၉-က အဖြစ်ထည့်သွင်းရမည်။

"၉-က။ ။ (၁) အုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတကဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက်၊ မိမိ၏ငွေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

(၂) အုပ်ချုပ်ရေးအဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ငွေစာရင်းများကို၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။

(၃) အုပ်ချုပ်ရေးအဖွဲ့၏ ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရ

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်၊ စာမျက်နှာ ၂၀၀၃။

မည်။ သို့ရာတွင် အုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံဝင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် မိမိ၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အုပ်ချုပ်ရေးအဖွဲ့၏ ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက်၊ အုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတထံသို့၊ ထိုနှစ်ချုပ်ငွေ စာရင်းမိတ္တူတစ်စောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာအသီးသီး၏ မိတ္တူတစ်စောင်စီကို၊ အုပ်ချုပ်ရေးအဖွဲ့၏ ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က၊ ဆောင်ရွက်ရမည့်၊ မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့်၊ ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့၊ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန်၊ လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်းမပြုရ။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်။)

အမိန့်အရ
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၁။ | **Amendment to the Mineral Concessions Rules** | |
| ၂။ | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံမော်တော်ယာဉ်နည်းဥပဒေများ ၏ ပြင်ဆင်ချက်။ | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ (The Myanmar Motor Vehicles Act) ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ(အမှတ် ၁၇/၆၄) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤနည်းဥပဒေ သည် အလိုအလျောက် ရုပ်သိမ်း ပြီးဖြစ်သည်။ |
| ၃။ | ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | ၁၉၅၃ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်အက်ဥပဒေ ကို ၁၉၆၇ ခုနှစ်၊ ပြည် ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။ ၁၉၆၇ ခုနှစ် ပြည်ထောင် စုမြန်မာနိုင်ငံပြည်သူ့ဘဏ် ဥပဒေကို ဘဏ်ဥပဒေ (အမှတ် ၉/၇၅)ဖြင့် ရုပ် သိမ်းပြီးဖြစ်သည်။ ဘဏ် ဥပဒေကို မြန်မာနိုင်ငံ တော်ဗဟိုဘဏ်ဥပဒေ |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | ဥပဒေအမည် | မှတ်ချက် |
|---|---|---|
| | | (အမှတ် ၁၅/၉၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၁ တွင်ရုပ်သိမ်းလိုက်သည့် ဘဏ်ဥပဒေအရ ဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့် တစ်ခုခုအရဖြစ်စေ၊ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည်၊ ဤဥပဒေနှင့် မဆန့်ကျင်သမျှ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း မပြုသေးသမျှ ဆက်လက် အကျိုးသက်ရောက် စေရမည့်အပြင်၊ ဤဥပဒေနှင့် အညီ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များ ဖြစ်သည်ဟူ၍ မှတ်ယူရမည်ဟု ဖော်ပြထား၍ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။ |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၄။ | Amendment to the Registration of Foreigners Rules, 1948. | |
| ၅။ | ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ အငှားမော်တော်ယာဉ်နည်းဥပဒေများ၏ ပြင်ဆင်ချက်။<br>Amendment to the Myanmar Hired Motor Vehicles Rules, 1935. | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ (The Myanmar Motor Vehicles Act) ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ(အမှတ် ၁၇/၆၄) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၆။ | Amendment to the Myanmar Excise Rules, 1928. | |
| ၇။ | ၁၃၂၀ ပြည့်နှစ်၊ တိုင်းရင်းဆေးဆရာအဖွဲ့ဝင်ရွေးကောက်ပွဲ နည်းဥပဒေများ။ | |
| ၈။ | Amendment to the Sale Tax Rules, 1952. | The Sale Tax Act, 1952 ကို ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်းပြီး ဖြစ်သည်။ |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
| --- | --- | --- |
| ၉။ | ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအငှားမော်တော်ယာဉ် နည်းဥပဒေများ၏ပြင်ဆင်ချက်။ **Amendments to the Myanmar Hired Motor Vehicles Rules, 1935.** | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ **(The Myanmar Motor Vehicles Act)** ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေအမှတ် (၁၇/၆၄) ဖြင့် ရုပ်သိမ်း ပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။ |
| ၁၀။ | ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအငှားမော်တော်ယာဉ် နည်းဥပဒေများ၏ပြင်ဆင်ချက်။ **Amendment to the Myanmar Hired Motor Vehicles Rules, 1935.** | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ **(The Myanmar Motor Vehicles Act)** ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ(အမှတ် ၁၇/၆၄) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။ |
| ၁၁။ | **Amendment to the Mineral Concession Rules.** | |
| ၁၂။ | ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံသမဝါယမဝန်ထမ်း (အကြီးတန်း) အဖွဲ့ နည်းဥပဒေများ။ | |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၁၃။ | ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံသမဝါယမဝန်ထမ်း (အငယ်တန်း) အဖွဲ့နည်းဥပဒေများ။ | |
| ၁၄။ | Amendment to the Myanmar Army Act Rules. | The Myanmar Army Act ကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ (အမှတ် ၄၃/၅၉) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၁၅။ | ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း (ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီနှင့် မြို့မကောင်စီ) အိမ်ခွန်ခွဲဝေသုံးစွဲရေးနည်းဥပဒေများ။ | |
| ၁၆။ | ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း၊ ကောင်စီများ (ရွာသူကြီး ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီနှင့် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌ များ) ရွေးကောက်ပွဲနည်းဥပဒေများ။ | |
| ၁၇။ | Amendment to the Rules of Cigarettes Duty Act. | The Cigarettes Duty Act ကို ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ(အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီးဖြစ်သည်။ |
| ၁၈။ | ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း၊ မြို့မကောင်စီရွေးကောက်ပွဲနှင့် မြို့မကောင်စီဥက္ကဋ္ဌများ၏ အာဏာ၊ တာဝန်ဝတ္တရားနှင့် အခွင့်အရေးနည်းဥပဒေများ။ | |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၁၉။ | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံမော်တော်ယာဉ်နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ (The Myanmar Motor Vehicles Act) ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ(အမှတ် ၁၇/၆၄) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤ နည်းဥပဒေသည် အလို အလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၂၀။ | ၁၉၅၉ ခုနှစ်၊ သမဝါယမအသင်းများနည်းဥပဒေများ။ | The Co-operative Societies Act (Myanmar) Act VI, 1927 ကို ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေ (အမှတ် ၁၅/၅၆) ဖြင့် ရုပ်သိမ်း ပြီးဖြစ်သည်။ ၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်း များအက်ဥပဒေကို ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေ (အမှတ် ၁/၇၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာ နိုင်ငံ သမဝါယမအသင်း ဥပဒေကို သမဝါယမ |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| | | အသင်းဥပဒေ (အမှတ် ၉/၉၂)ဖြင့် ရုပ်သိမ်းပြီး ဖြစ်၍ ဤ နည်းဥပဒေ သည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၂၁။ | The Rules in respect of Kawlin Municipality regulation. | The Municipal Act, 1898 ကို စည်ပင်သာယာရေးအဖွဲ့များဥပဒေ အမှတ် (၅/၉၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၈၇ အရ စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တည်ဆဲ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။ |
| ၂၂။ | ၁၉၅၄ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၂၃။ | Amendment to the Registration of ForeignersRules, 1948. | |
| ၂၄။ | Amendment to the Foreign Exchange Regulation Rules. | |
| ၂၅။ | Amendment to the Rules of the Posts and Telegraph Manual, Volume IV. | |
| ၂၆။ | Amendment to the Registration of Foreigners Rules, 1948. | |
| ၂၇။ | Amendment of the Myanmar Municipal Rules, 1934. | |
| ၂၈။ | Amendment to the Myanmar Army Act Rules. | The Myanmar Army Act ကို ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ (အမှတ် ၄၃/၅၉) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၂၉။ | ၁၉၅၉ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ နည်းဥပဒေများ။ | |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၃၀။ | Amendment to the Defence Services Provident Fund Rules | |
| ၃၁။ | ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေကို ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ဖြင့်ရုပ်သိမ်းပြီးဖြစ်သည်။ ၁၉၆၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ်ဥပဒေကို ဘဏ်ဥပဒေအမှတ် (၉/၇၅) ဖြင့် ရုပ်သိမ်းပြီးဖြစ်သည်။ ဘဏ်ဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ(အမှတ် ၁၅/၉၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၀၁ တွင် ရုပ်သိမ်းလိုက်သည့် ဘဏ်ဥပဒေအရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခုအရဖြစ်စေ၊ ပြဋ္ဌာန်းသည့်နည်းဥပဒေများ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| | | အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းမပြုသေးသမျှ ဆက်လက်အကျိုးသက်ရောက်စေရမည့် အပြင်၊ ဤဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့်စည်းမျဉ်းများ၊ အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟူ၍ မှတ်ယူရမည်ဟု ဖော်ပြထား၍ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။ |
| ၃၂။ | ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေကို ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ (အမှတ် ၁/၆၇) ဖြင့်ရုပ်သိမ်းပြီးဖြစ်သည်။ ၁၉၆၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ်ဥပဒေကို ဘဏ်ဥပဒေအမှတ် (၉/၇၅) ဖြင့် ရုပ်သိမ်းပြီး |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| | | ဖြစ်သည်။ ဘဏ္ဍာဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ(အမှတ် ၁၅/၉၀)ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း၊ ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၁၀၁ တွင် ရုပ်သိမ်းလိုက်သည့်ဘဏ်ဥပဒေအရ ဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခုအရဖြစ်စေ၊ ပြဋ္ဌာန်းသည့်နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ သို့မဟုတ် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းမပြုသေးသမျှ ဆက်လက်အကျိုးသက်ရောက်စေရမည့်အပြင်၊ ဤ ဥပဒေနှင့်အညီ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြထား၍ ဤနည်းဥပဒေသည် မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။ |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | နည်းဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၃၃။ | Amendments to the Sale Tax Rules, 1952. | The Sale Tax Act, 1952 ကို ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (အမှတ် ၁/၉၂) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၃၄။ | Amendments to the Myanmar Motor Vehicles Rules, 1915. | ၁၉၁၅ ခုနှစ်၊ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ (The Myanmar Motor Vehicles Act) ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ (အမှတ်၁၇/၆၄) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက် ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၃၅။ | မြန်မာနိုင်ငံတော်ခရီးစရိတ်နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | |
| ၃၆။ | ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) အုပ်ချုပ်ရေး အဖွဲ့ နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | |
| ၃၇။ | ၁၉၅၄ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီဈေး အုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေများ၏ ပြင်ဆင်ချက်။ | |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | ဥပဒေအမည် | မှတ်ချက် |
|---|---|---|
| ၃၈။ | ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း၊ ကောင်စီများ (ရွာသူကြီး၊ ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီ နှင့်တိုက်နယ်ကောင်စီ ဥက္ကဋ္ဌများ) ရွေးကောက်ပွဲနည်းဥပဒေများ၏ ပြင်ဆင်ချက်။ | |
| ၃၉။ | Amendments to the Municipal Electoral Rules, 1934. | The Municipal Act, 1898 ကိုစည်ပင်သာယာရေးအဖွဲ့များဥပဒေ (အမှတ် ၅/၉၃) ဖြင့် ရုပ်သိမ်းပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၈၇ အရ စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့အတည်ဖြစ်စေရမည်ဟု ဖော်ပြထား၍ မဆန့်ကျင်လျှင် မပျက်ပြယ်ပါ။ |
| ၄၀။ | Amendments to the Registration of Foreigners Rules, 1948. | |

# ၁၉၅၉ ခုနှစ် အတွင်း ပြဋ္ဌာန်းခဲ့သောပြည်ထောင်စုမြန်မာနိုင်ငံ နည်းဥပဒေများစာရင်း

| အမှတ်စဉ် | ဥပဒေအမည် | မှတ်ချက် |
| --- | --- | --- |
| ၄၁။ | Amendments to the Central Midwives and Nurses Council Rules. | The Midwives and Nurses Act, ကိုသူနာပြုနှင့်သားဖွားဆိုင်ရာဥပဒေ (အမှတ် ၁၉/၉၀) ဖြင့် ရုပ်သိမ်းပြီးဖြစ်၍ ဤနည်းဥပဒေသည် အလိုအလျောက်ရုပ်သိမ်းပြီး ဖြစ်သည်။ |
| ၄၂။ | Amendment to the Myanmar Auditor's Certificate Rules. | |